# နွေဦးအသံ
## the voice of spring

30.4.2021 · Friday · No . 25 · Daily News Pamphlet

### ကရင်ပြည်နယ်ရှိ စစ်ဘေးရှောင် ပြည်သူ(၅၀၀)အတွက် လိုအပ်သော အစားအသောက်နှင့်ရိက္ခာများကို အမျိုးသားညီညွတ်ရေး အစိုးရအဖွဲ့က ပေးပို့လှူဒါန်းခဲ့

သတင်းတို

ရင်းမြစ် - NUG မှ

### NUG အစိုးရအဖွဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပုံမှန်အစည်းအဝေး ပြုလုပ်ခဲ့ပြီး ပြည်ပနှင့်နယ်စပ်ဒေသရှိ CDM ဝန်ထမ်းများနှင့် စစ်ဘေးရှောင်များကို သက်ဆိုင်ရာနိုင်ငံနှင့် ညှိနှိုင်း၍ အကာကွယ်ပေးနိုင်ရန်ဆွေးနွေးခဲ့ကြ

သတင်းတို

ရင်းမြစ် - NUG မှ

### သာယာဝတီမြို့နယ်၊ (၃၅) တပ်ရင်းရှိ လက်နက်ရုံတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ဟုသိရ

သတင်းတို

ရင်းမြစ် - DVB မှ

### နိုင်ငံပေါင်း(၂၈)နိုင်ငံမှ နိုင်ငံတကာလွှတ်တော်ကိုယ်စားလှယ်အမတ်(၃၀၀)ကျော်က အကြမ်းဖက်စစ်အုပ်စု၏ ရက်စက်မှုများကို အံ့သြတုန်လှုပ်မိပါကြောင်းနှင့် မတရားဖမ်းဆီးထားသည့် လွှတ်တော်ကိုယ်စားလှယ် အမတ်များနှင့် နိုင်ငံရေးအကျဉ်းသားအားလုံးကို ပြန်လွှတ်ပေးရန် လက်မှတ်ရေးထိုးတောင်းဆိုထုတ်ပြန်ခဲ့

သတင်းတို

ရင်းမြစ် - NUG မှ

## ဖိနှိပ်ဖြိုခွင်းမှုမျိုးစုံကြားမှ သပိတ်စစ်ကြောင်းများ အရှိန်မပြတ်ထွက်ပေါ်လျက်ရှိ




ဧပြီ ၂၉ ရက်၊ မန္တလေးမြို့ရှိ တပ်ပေါင်းစုပြောက်ကြားသပိတ်စစ်ကြောင်းကိုတွေ့ရစဉ် -(ဓါတ်ပုံ - CJ )

### မကွေးနှင့်မိတ္ထီလာရှိ စစ်အုပ်စု၏ လေတပ်စခန်းကို ရှောတိုက်ဒုံးဖြင့် ပစ်ခတ်ခံရပြီး (၆)ဦးခန့်သေဆုံးခဲ့

သတင်းတို

ရင်းမြစ် - DVB မှ

### တရားရေးဝန်ထမ်းများကို စစ်အုပ်စုမှ ခြိမ်းခြောက်လျက်ရှိ

သတင်းတို

ရင်းမြစ် - DVB မှ

### မုံရွာသပိတ်ခေါင်းဆောင် ကိုဝေမိုးနိုင်ကို ပုဒ်မ(၁၀)ခုဖြင့် စစ်အုပ်စုမှ လုပ်ကြံတရားစွဲဆိုခဲ့

သတင်းတို

ရင်းမြစ် - နွေဦးအသံ မှ

### ပင်စင်စားများ၏ ပြေီလစာကို မေလလယ်အထိ ရွှေ့ဆိုင်းချိန်းဆိုရသည်အထိ စစ်အုပ်စုပြိုလဲတပ်ပျက်နေ

သတင်းတို

ရင်းမြစ် - BBC မှ

### မန္တလေး၊ ပြည်ကြီးတံခွန်ရှိ ညသပိတ်လုပ်ရန် ကင်းစောင့်နေသူတဦးကျည်ထိ၊ တဦးအဖမ်းခံရ

သတင်းတို

ရင်းမြစ် - RFA မှ

### မော်လမြိုင်၊ Ocean ၌ ဘဏ်ငွေထုတ်ရန် တန်းစီနေသူများကို စစ်အုပ်စုမှ သေနတ်ဖောက်ခြိမ်းခြောက်

သတင်းတို

ရင်းမြစ် - မြန်မာနောင်း မှ

### ရန်ကုန်-လှိုင်သာယာ(၁၆)ရပ်ကွက်အုပ်ချုပ်ရေးမှုးရုံး ဗုံးပေါက်ကွဲခဲ့ပြီး အဖွဲ့ဝင်တဦး ပြင်းထန်ဒဏ်ရာရရှိခဲ့

သတင်းတို

ရင်းမြစ် - မဇ္ဈိမ မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွား၍ ဆက်လက်မျှဝေပါ၊
ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှုသည် တော်လှန်ရေး၏ အသက်သွေးကြောတစ်ခုပင် ဖြစ်သည်။

# နွေဦးအသံ

the voice of spring

30.4.2021 · Friday · No . 25 · Daily News Pamphlet


## သတင်း မှတ်စု

ဧပြီလ (၂၉) ရက်၊ ၂၀၂၁

- အမျိုးသားစီမံခန့်ခွဲမှု ကောလိပ်သတင်း အတတ်ပညာ(journalism)မေဂျာ၏ အမှတ်စဉ်(၁)ကျောင်းဆင်းများက Journalism ဘွဲ့ကို အဓမ္မဘက်က အသုံးမချနိုင်စေရန် ဖော်မင်းထွန်းကိုယ်စား ပြန်ကြားရေးတာဝန်ယူခဲ့သည့် ဗိုလ်ကြီးအေးသဇင်မြင့် ရရှိထားသည့် ဘွဲ့ကို ပြန်လည် သိမ်းယူနိုင်ရေးအတွက် တိုက်တွန်းကြိုးပမ်းသွားမည်ဟု ထုတ်ပြန်။
- ပဲခူးတိုင်းဝန်ကြီးချုပ်ဟောင်း ဦးဝင်းသိန်း၏ ဇနီးနှင့် မိသားစုဝင်များကို အကျယ်ချုပ်ချထားရာမှ ပြန်လွှတ်ခဲ့ဟုသိရ။
- စစ်အုပ်စုမှ ဖားကန့်မြို့သို့ တင်ပို့နေသည့် စက်သုံးဆီများကို ပိတ်ဆို့ရပ်တန့်ခဲ့ပြီး ဆီဈေးများ (၁)ဂါလံ (၉၀၀၀)ကျပ်အထိ မြင့်တက်ပြီး စက်သုံးဆီများ ပြတ်တောက်နေသည့်အပြင် အခြားကုန်စည်များကိုပါ အဝင်တင်ပို့မှု ပိတ်ဆို့ရပ်တန့်နိုင်သည့်အပေါ် ဒေသခံများက ကြိုတင်ပြင်ဆင်သည့် အနေဖြင့် ရိက္ခာများ စုဆောင်းနေကြဟုသိရ။
- ပဲခူး-သာယာဝတီမြို့နယ်၊ တပ်မ ၆၆ လက်အောက်ခံ ခလရ (၃၅) ၏ သီးသန့်လုံခြုံရေးထားရှိသည့် လက်နက်တိုက် မီးလောင်မှု ဖြစ်ပွားခဲ့ပြီး ပေါက်ကွဲမှုများလည်း ဆက်တိုက်ဖြစ်ပေါ်ခဲ့ဟုသိရ။
- တောင်ဒဂုံမြို့နယ်၊ (၅၄) ရပ်ကွက်ရုံးတွင် မီးလောင်မှု ဖြစ်ပွားခဲ့။
- ဟားခါးမြို့နယ် ချင်းပြည်နယ် စစ်ကောင်စီဥက္ကဋ္ဌ ဦးငွန်ဆန်အောင် နေအိမ်၊ ချင်းဦးစီးရပ်ကွက် စုပေါင်းရုံး၊ မြန်မာ့စီးပွားရေးဘဏ်ရှေ့နှင့် မြို့သစ်ရှိ စစ်အုပ်စု ဒလံနေအိမ်ရှေ့တို့၌ ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ဟုသိရ။
- မန္တလေး၊ ၂၇ လမ်းနှင့် ၇၃ လမ်းထောင့်ရှိ ကြံ့ဖွတ်ပါတီတိုင်းရုံးတွင် ဖုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး စစ်အုပ်စု၏ မန္တလေးဒုမြို့တော်ဝန် နေအိမ်နှင့် ရန်ကုန်-မန္တလေးလမ်းဟောင်း ဘက် မြို့အထွက်ရှိ စွယ်တော် ကညနရုံး၌လည်း ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားခဲ့ဟုသိရ။



- မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ စည်ပင်ဝန်ထမ်းအိမ်ရာနှင့် ၇၈ လမ်းပေါ်ရှိ UAB ဘဏ်ခွဲ၊ (၂) နေရာတွင် လက်လုပ်ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး ပေါက်ကွဲမှုနှစ်ရပ်စလုံး၌ လူထိခိုက်မှု မရှိ ဟုသိရ။
- ပခုက္ကူမြို့ရှိ MAB နှင့် UAB ဘဏ်တို့တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး MAB ၌ ငွေထုတ်သူပြည်သူတစ်ဦး ခြေထောက်ထိမှန်ကာ လုံခြုံရေး ဝန်ထမ်းတဦး လက်ထိခိုက်ခဲ့ဟုသိရ။
- ရွှေဘိုဈေးအနီး၌ ရွှေဘိုပင်မသပိတ် စစ်ကြောင်း ဆန္ဒထုတ်ဖော်နေစဉ် စစ်အုပ်စုဘက်က အရပ်ဝတ်လက်နက်ကိုင်များဖြင့် လာရောက်ဖြိုခွင်းသဖြင့် အချို့ဖမ်းဆီးခံခဲ့ရ။
- ပုန်းရှောင်နေရာမှ မိတ္ထီလာစက်မှုဇုန်ရှိ အိမ်သို့ ခဏပြန်လာသူ တိုင်းလွှတ်တော်အမတ် ဦးလွင်မောင်မောင်အား နေအိမ်ရောက်ရှိပြီး နာရီပိုင်းခန့်အကြာ ည ၉ နာရီခန့်တွင် စစ်အုပ်စုက လာရောက်ဖမ်းဆီးသွားခဲ့။
- ကချင်-မိုးကောင်းမြို့။ မိုးညှင်းမြို့။တောင်ငူ။သရက်ချောင်း။ရွှေကူ မြို့တို့၌ ဆိုင်ကယ်သပိတ်။ မြိတ်မြို့။ ပုဂံ။ မန္တလေး-ကျွဲဆည်ကန်။ မုံရွာတို့၌ အာရုဏ်ဦးသပိတ်။ ရန်ကုန်၊ တာမွေအဝိုင်း၊ မင်္ဂလာဒုံ။ တောင်ကြီး။ ဘားအံ။ ပဲခူး- ပေါင်းတည်မြို့တို့၌ လူမဲ့သပိတ် စသဖြင့် အသီးသီး ပြုလုပ်ခဲ့။
- ရန်ကုန်- အင်းစိန်နှင့်ကြည့်မြင်တိုင် သပိတ်စစ်ကြောင်း၊ လှိုင်သာယာ၊ သာကေတ၊ ဒဂုံမြို့သစ်မြောက်၊ မန္တလေး-တပ်ပေါင်းစု၊ မြတောင် သပိတ်စစ်ကြောင်း၊ ရတနာပုံတက္ကသိုလ်သပိတ်စစ်ကြောင်း၊ မိုးကောင်း။ သန်လျင်မြို့။ ဒီပဲယင်း-အုန်းတပင်ရွာ။ ညောင်ဦးမြို့။ ကချင်-မိုးကောင်း။ မြင်းခြံ။ ပဲခူးမြို့။ ပဲခူး- ကညွတ်ကွင်း။ ကလေးမြို့။ ယင်းမာပိုင်-ရေကြည်ရွာ။ ရွှေဘို။ ရေဦး။ ထားဝယ်။ မော်လမြိုင်။ ပေါင်။ မုဒုံ။ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်။ လောင်းလုံမြို့နယ်- ဝဗျောကျေးရွာ၊ မောင်းမကန်ရွာ။ ရေဖြူ၊ ကံပေါက်။ ဖားကန့်မြို့နယ်၊ အောင်မြေကွက်သစ် ကျေးရွာနှင့် မရီကထောင်ရပ်ကွက်။ မော်ပေါင်းစုံသပိတ်စစ်ကြောင်း။ မြစ်ကြီးနားမြို့။ နမ္မတီးမြို့။ လွိုင်ကော်မြို့၊ နှောင်ယား (က) ရပ်ကွက်၊ နာနတ်တော။ ညောင်ရွှေမြို့။ ကျောက်မဲ။ သီပေါ၊ ကွတ်ခိုင် စသဖြင့် မြို့အသီးသီး၌ လူအင်အား ရာချီသော သပိတ်စစ်ကြောင်းကြီးများ ချီတက်၍ ဆန္ဒဖော်ထုတ်ခဲ့ကြဟု သိရ။

ရင်းမြစ်-မဇ္ဈိမ မှ

ဖေဖော်ဝါရီ(၁)ရက်မှစပြီး
ဧပြီလ(၂၈)ရက်အထိ

ကျဆုံးသူဦးရေ
- ၇၅၆ ဦး
( ကလေးငယ် ၅၀ ဦးပါဝင် )

အဖမ်းဆီးခံရသူဦးရေ
- ၄၅၀၁ ဦး

ဝရမ်းထုတ်ခံရသူဦးရေ
- ၁၂၃၇ ဦး

ရင်းမြစ်-အေအေပီပီမှ



ဧပြီ(၂၉)ရက်၊ မိုးထဲလေထဲ၌ ပြုလုပ်ခဲ့သည့် ရန်ကုန်၊ ဒဂုံမြို့သစ်မြောက်ပိုင်းသပိတ်အဖွဲ့ကို တွေ့ရစဉ်

စစ်အာဏာရှင်စနစ် အလိုမရှိ


fb.com/thevoiceofspring · twitter@NewsPamphlet · thevoiceofspringdaily@gmail.com


**အရေးတော်ပုံ မုချ အောင်ရမည်**

**နွေဦးစကား ဒို့ပြောကြား**

“အတူလက်တွဲလို့ အာဏာရှင်ကို တွန်းလှန်စို့”